# ပန်းသိဝိုင်

## မြတ်နိုးဒွယ်ပုဗ္ဗာ



နက်ရှိုင်းတယ်။

ရှုပ်ထွေးတယ်။

နားလည်ရခက်တယ်။

အဓိပ္ပာယ်ဖော်ရခက်တယ်။

အဖြေရှာဖို့ ပိုလို့ တောင်

ခဲယဉ်းတယ် ဆိုပေမယ့် ....

ငါက ...

အဲဒီပုစ္ဆာ တစ်ပုဒ်ကိုမှ

စွဲစွဲမက်မက်

သက်ဝင်ငြိတွယ် နေမိတော့လည်း

ငါ့အတွက်နင်က

မြတ်နိုးဖွယ် ပုစ္ဆာတစ်ပုဒ် ဖြစ်ခဲ့တယ်။

* * *

ကျွန်မကိုယ် ကျွန်မ ပရိသတ်ကြီးနဲ့ မိတ်ဆက်ပါရစေ။

ကျွန်မ ..."ရွှေခြည်ကွန့်မြူး"ပါ။

ကျွန်မမှာ အိမ်ထောင်မရှိပါဘူး။ အပျိုပါ။

ရည်းစားလည်း မထားဖူးပါဘူး။

အရမ်းဖြူစင် ရိုးသားတဲ့ အပျိုစင်ကလေးပါ။

ကျွန်မ ဖေဖေက ဦးကွန့်မြူး။

ကျွန်မ မေမေက ဒေါ်သဒ္ဒါစီ။

ကျွန်မမှာ မောင်လေး အောက်ကွန့်မြူးလည်း ရှိပါတယ်။

အိမ်မှာ မေမေ့အစ်မ၊ ကျွန်မရဲ့ အဒေါ် ဒေါ်ကြင်နာစီလည်း ရှိပါသေးတယ်။ သူက စည်းကမ်း တင်းကြပ်တယ်။ ပူတယ် ဆူတယ်။ သူ့ရှေ့နေရင် သတိသာထား၊ အမြင်မတော်တာတွေ့လို့ ကတော့ တစ်နေ့လုံး တဗျစ်တောက်တောက်။ အိမ်မှာ စိတ်ရှုပ်စရာ အကောင်းဆုံး။

ပြီးတော့ မေမေ ... ဘယ်သွားသွား၊ ဘယ်လာလာ၊ ဘာလုပ်လုပ်၊ ဘာမဆို ဖွင့်ပြောတိုင်ပင်မှ .. တကယ်ပါပဲ ရွှေခြည်ကွန့်မြူး အကြောင်းဆို မေမေက အကုန်သိ၊ အားလုံးသိ၊ မသိတာ ဘာတစ်ခုမှ မရှိ။ ညာထားတာ၊ ဖွက်ထားတာ မပြောဘဲ ထိမ်ချန်ထားတာမရှိ။

ဖေဖေ ... ဖေဖေက အရမ်းချစ်ဖို့ ကောင်းတာပေါ့။ အရမ်းအလိုလိုက်တယ်၊ ဘယ်တော့မှ မဆူ။ မောင်နှမ နှစ်ယောက်စလုံးကို ချစ်မှ ချစ်။ လိုချင်တာဝယ်ပေး၊ သွားချင်တဲ့ နေရာကိုလိုက်ပို့၊ ပူဆာသမျှ မငြူစူ မငြိုငြင်ရှာပါ။ ရှားပါးဖေဖေ အတုမရှိသောဖေဖေ။

အင်း ... အိမ်မှာ ငယ်ငယ်လေးကတည်းက အတူတူနေတဲ့ ဒေါ်မိရယ်၊ ပြီးတော့ ကားမောင်း ပေးတဲ့ ဦးတာတူးရယ်၊ ကြောင်ကလေး ညောင်ညောင်ရယ်၊ အဲဒါ အကုန်ပါပဲ။

ရွှေခြည်ကွန့်မြူးတို့ အိမ်က နှစ်ထပ် ပျဉ်ထောင်အိမ်ကလေး။ တစ်လမ်းလုံးမှာ ပျဉ်ထောင် အိမ်ဆိုလို့ တစ်လမ်းလုံးမှာ ဒီတစ်အိမ်ပဲရှိတာ။

တစ်လမ်းလုံး တိုက်တွေချည်းပဲ။

ဘာလို့ ပျဉ်ထောင်အိမ်ကလေး ဖြစ်နေရတာလည်း ဆိုတော့ ကျွန်မကြောင့်ပါ။

ကျွန်မက ခြံဝင်းကျယ်ကလေးထဲမှာ ပျဉ်ထောင်အိမ်လှလှကလေးနဲ့ ပဲ နေချင်တာ။ ဘန်ဂလိုလေးတစ်ခုလို။

အလိုလိုက်တတ်တဲ့ ဖေဖေ့ကို ဇွတ်ပူဆာထားတာ။ ဖေဖေက ရွှေခြည်ကွန့်မြူး စိတ်ကြိုက် ပျဉ်ထောင်အိမ်ကလေး ဆောက်ခဲ့တာ။ မေမေရယ်၊ မောင်လေးရယ်က တိုက်ကလေး ပြင်ဆောက်ချင်တာ။ ကျွန်မက လက်မခံဘူး ခေါင်းမာမာနဲ့ "ဟင့်အင်း .. ဒီအိမ်ကလေးပဲ ကြိုက်တယ်"လို့ တင်းခံခဲ့တာ။

မေမေနဲ့ မောင်လေးကတစ်ဖက်၊ ကျွန်မကတစ်ဖက် နှစ်ယောက်တစ်ယောက်ဖြစ်နေတော့ ဘက်မညီတာနဲ့ ဖေဖေ့ကို စစ်ကူတောင်းပြီး ကျွန်မဘက်ကနေပြီးတော့ ဖေဖေက ဩဇာရှိတော့ "ငါ့သမီး သဘောကျပဲဟေ့"လို့ တစ်ချက်လွှတ်အမိန့်သုံး ဆုံးဖြတ်ခဲ့တာ။

ခြံဝင်းကလေးထဲမှာ လည်း ကျွန်မကြိုက်တဲ့ ပန်းပင်တွေချည်းပါပဲ။

ကျွန်မ မကြိုက်တာဆိုလို့ အိမ်မှာ ကြီးကြီး ကြင်နာရယ်၊ ပြီးတော့ ညောင်ညောင်ရယ်၊ ညောင်ညောင်က မောင်လေး အသည်းကျော်၊ ကျွန်မ ရွံ့လည်း ရွံ့၊ မချစ်လည်း မချစ်၊ မြင်တာနဲ့ ပြေးကန်ချင်ရော…

အဲ … ပြေးကန်ချင်ရောဆိုလို့ ကျွန်မ ဝါသနာ .. ဘောလုံး ..ဘောလုံး ကန်တာ။

အိမ်က အားလုံး(သုံးယောက်တစ်ယောက်) ဝိုင်းတားမြစ်ပိတ်ပင်လို့သာ။ ကန်ခွင့်ရကြည့် ကျွန်မ ထမင်းမေ့ ဟင်းမေ့။

မေမေ့သမီးက "ဖြူဖြူသွယ်သွယ် နူးနူးညံ့ညံ့ ကလေးတဲ့ မကန်ရပါဘူးတဲ့ "မေမေပြောတာ။

အဲဒါကြောင့် ကျွန်မ ရေကူးတယ်။ ကြက်တောင်ရိုက်တယ်။ ဒါပဲလုပ်ရတာပေ့ါ။

မိသားစု အကြောင်းရယ်၊ အိမ်ကလေး အကြောင်းရယ် ပြီးသွားပြီ။

အရေးကြီးတာ အချစ်ရေးကိစ္စ။

ကျွန်မ နောက်ဆုံးနှစ်ရောက်နေပြီ။ အီကို(စီးပွားရေး)။

သည် တစ်ခါ စားမေးပွဲပြီးရင် ဘွဲ့ရပြီ။

အလုပ်လည်း ဝင်နေပြီ။ အလှကုန် လုပ်ငန်းတစ်ခုမှာ ။

မေမေပေ့ါ သမက်လောင်းရှာနေပြီ။

ကျွန်မက အရွယ်မလွန်သေးပါဘူး။ အပျိုကြီးမှ မဖြစ်သေးတာ။ မေမေက အရမ်းလော နေပါလား။

ဘယ်သူက အပျိုးကြီးလုပ်မယ် ပြောလို့ လဲ။

ဒါပေမဲ့ ဖြေးဖြေးပေ့ါ။ ရွေးချယ်ပါရစေဦး။ မေမေကစိတ်ပူပြီး မြန်မြန် ယောက်ျားပေးစားချင်တာ။

ကျွန်မက ချောတယ်တဲ့ .. ဟိ ..ဟိ။

ကျွန်မ အလုပ်က လုပ်ငန်းရှင်မမကလည်း ပြောတာပဲ ချောလို့ ။ ရယ်ချင်စရာနော်။ ကိုယ့်ကိုယ်ကိုယ် အမွှမ်းတင်ချီးမွမ်းရတာ။

ကျွန်မမှာ လောလောဆယ် ချစ်သူမရှိသေးပေမယ့် ကျွန်မကို ချစ်ခွင့်ပန်ထားတဲ့ သူ လေးဦးတိတိရှိပါတယ်။

ဟိုလိုလို ဒီလိုလိုမဟုတ်ဘဲ အတည်အတန့် လေးလေးနက်နက် အဖြေတောင်းထားကြတာ။

အဟင်း..။ ပရိသတ်ကြီး စိတ်ဝင်စားသွားပြီ မဟုတ်လား..။ ချစ်ခွင့်တောင်းထားသူ လေးယောက်တောင် ရှိနေတာ ဘယ်လိုလဲ မနာလိုဖြစ်သွားပြီလား။

မယုံမရှိနဲ့ နော်..။ တကယ် လေးယောက်။ တစ်ယောက်ချင်းကို ပရိသတ်နဲ့ မိတ်ဆက်ပေးပါ့မယ်။ ရင်းရင်းနှီးနှီး မိတ်ဖွဲ့ပြီး အဲဒီလေးယောက်ထဲက တစ်ယောက်ကို ကျွန်မနဲ့ အတူတူ ရွေးချယ်ကြည့်နော်။

ကျွန်မ ဘယ်သူ့ကိုရွေးရမလဲ..

* * * *